
လုံးချင်းဝတ္ထုသစ်

# နှင်ဝါသမီး

မှေးစက်ခွင့်

စိုးမိုး စာပေ



# အခန်း (၁)

"ယခုတစ်ဖန် အလှည့်ကျ ဖျော်ဖြေမယ့် တေးသံရှင်က ကျွန်မတို့ 'ဆုံဆည်းရာ' စားသောက်ဆိုင်ကြီးရဲ့ ပင်တိုင် အဆိုရှင်မလေး ပန်းလေညင်းရဲ့ အလှည့်ဖြစ်ပါတယ် ရှင်"

ရောင်စုံ ဆလိုက်မီးရောင်တွေ မှိန်ကျသွားသော စတိတ်စင်ပေါ်မှာ အလင်းရိပ် ဆလိုက်မီး တန်းလေးကလွဲလို့ အမှောင်အတိ။

"မင်္ဂလာပါရှင် လေညှင်း ဖျော်ဖြေမယ့် သီချင်းလေး အမည်က မေ့စက်နားခွင့်ပေး ဆိုတဲ့ သီချင်းလေးပဲ ဖြစ်ပါတယ်ရှင်၊ ခံစားနားဆင်ပေးပါဦးရှင်"

ပုံရိပ်ကို မမြင်ရသေးဘဲ ချိုသာသော အသံလှိုင်းလေးကို ကြားလိုက်ရတော့ စားသုံးသူ အားလုံး အာရုံက စင်ပေါ် ငဲ့ကြည့်မိကုန်သည် ။

သူကိုယ်တိုင်လည်း ချိုသာသော အသံလှိုင်းရှင်လေး အရိပ်ကို ရှာဖွေကြည့်မိသွား၏။

တီးဝိုင်းက ဂီတသံစဉ်တွေက လွင့်မျောလသည် ။

အလင်းရိပ် ဆလိုက်မီးရောင်အောက်မှ အဖြူရောင်ဝတ်စုံ ကလေးနှင့် နတ်မိမယ်လေး တစ်ပါး ပေါ်လာသည် ။

သူ့မျက်ခုံတန်းတန်းတွေ စုကျုံ့လျက် အံ့ဩသွားတာ အမှန်။

ပန်းလေညင်းတဲ့ ။

သည် နာမည်ကို ကြားကတည်းက အံ့သြမိတာ ဖြစ်သည် ။ ပန်းလေညင်းရဲ့ ရုပ်သွင်ကို မြင်လိုက်တော့

သေချာသည် ။ ခွေးကောင် အောင်ငြိမ်း သူ့ကို ဘာမှ မပြောထားတာ ဘာကြောင့်လဲ။

အင်ထရို တေးသံနှင့်အတူ နတ်သမီးလေးက စည်းချက်ညီစွာ ယိမ်းနွဲ့၏။ အဖြူရောင် အင်္ကျီ လေးက အကျပ်မို့ ကျော့ရှင်းသော ခန္ဓာကိုယ်ကို ပေါ်လွင်စေသည် ။

စကတ်တိုလေးအောက်မှာ အသားရောင် ဘောင်းဘီရှည်ကို ဝတ်ဆင်ထား၏။ ဆိုင်ထဲက ပုရိသတွေရဲ့ အကြည့်တွေက ပန်းလေညင်းထံမှာ လွင့်မျောနိုင်အောင် ညှို့နိုင်စွမ်းပါသည် ။

"စိတ်ကူးယဉ် အတွေးကမ္ဘာထဲ ××× ဝင်ခွင့်တောင်းကာ အမြဲလာခဲ့ ××× အသည်းကို ညှို့ယူကာ မင်းမျက်ဝန်းတွေနဲ့ ××× ရင်ထဲမှာ လွင့်ပျံပြီး အချစ်ဆိုတဲ့ အရာ ××× အခုမှ သိလာခဲ့"

ချိုမြိန်ရှတစွာ စီးဆင်းလာသော အသံလေးကလည်း စွဲငြိစရာ ကောင်းပါသည် ။

ဂီတသံနှင့်အတူ ယိမ်းကနေသော ပန်းလေညင်းရဲ့ မျက်နှာလေးကို သူ ငေးကြည့်မိ၏။

နီညိုရောင် ဂုတ်ဝဲဆံတိုလေးနှင့် ရှင်းသန့်ဝင်းမွတ်သော မျက်နှာလေးက နဂိုလှပပြီး ဖြစ်သည့်တိုင်ခြယ်သထားတာမို့ ပိုလို့ ဝင်းစက်ချောမော လွန်းနေခဲ့သည် ။

စူးရှသော မီးရောင်အောက်မှာ ပန်းလေညင်းရဲ့ မျက်နှာလေးက

ချိုမြစွာ ပြုံးနေသည် ။

မျက်ခုံးလေးတွေ စိမ်းမှောင်လို့ နှာတံက စင်းစင်း ကျစ်ကျစ်ကလေး ဖြစ်သည် ။

ဝင်းမွတ် နုညက်နေသော ပါးပြင်လေးတွေက အပြစ်ဆိုလို့ မြူတစ်မှုံ မျှတောင် မထင်ပါ။ နှုတ်ခမ်းဖူးဖူးလေးမှာ ရဲရဲနီအောင် ဆိုးဆေး တင်ထားပေမဲ့ အမြင်မရိုင်းဘဲနှင့် စွဲငြိစရာ ကောင်းနေ သည် ။

နုမွတ်သော မျက်နှာလေးရဲ့ နုပျိုမှုကို မြင်ရုံနှင့် သူ့ထက် အနည်းဆုံး ခြောက်နှစ်၊ ခုနစ်နှစ် ငယ်ရွယ်မှာ ခန့်မှန်းမိသည် ။

ကောက်ကြောင်း ဖြူဖြူလေးတွေ လှပစွာ ယိမ်းနွဲ့နေသလို သူမ အသံလေးကလည်း နာမည် နှင့်လိုက်ဖက်ပါသည် ။

ပန်းလေညင်း တဲ့ လား။

"အို ဘေ ဘေဘီ ××× အလွမ်းတွေနဲ့ အတူဆုံနိုင်ရန် ××× မျှော်ရင်း ဆွေး ××× နာကျင် စရာတွေ ကြုံမတွေးရဲ ××× မကြုံရဲတော့ တစ်ကြိမ်မှာ တစ်ခါသာ ချစ်ဖူးလည်း ××× ဒီရင်မှာ ချစ် အလွမ်းများ ကြေညာရန် မဖြစ်တဲ့ စည်းများ အတွက်"

သီချင်းသံလေးထဲမှာ သူ နစ်မျောနေမိသလို သူမရဲ့ အရိပ်လေးကိုလည်း ငေးမောကြည့်နေ မိဆဲ။

ရင်ထဲမှာ မွန်းကြပ်ပိတ်လှောင်နေမှုတွေ လွင့်မျောသွားစေလောက်အောင် သည် မိန်းကလေးရဲ့ အနုပညာကစွမ်းသည် ။

သည် ဆိုင်မှာ သူ ထိုင်ဖြစ်တာ ကြာပြီ၊ သည် မိန်းကလေးကို တစ်ခါမှ မမြင်ဖူးခဲ့ပါ။

ဆိုင်ရှင် အောင်ငြိမ်း ဆိုတာ သူနှင့်ရင်းနှီးကျွမ်းဝင်သော ငယ်သူငယ်ချင်းတွေ ဖြစ်သည် ။

အထက်တန်း ကျောင်းအထိ ခင်မင်ခဲ့သူ။ သူ ဆေးကျောင်းရောက်တော့မှ ကွဲခဲ့ကြတာ ဖြစ်သည် ။ ပြန်ဆုံတော့ အောင်ငြိမ်းသည် 'ဆုံဆည်းရာ' စားသောက်ဆိုင်ပိုင်ရှင် ဖြစ်နေ၏။

သူ့အတွက် အောင်ငြိမ်းသည် မွန်းကြပ်စရာ ဘဝကြီးအတွက်ရင်ဖွင့်စရာ ဖြစ်ခဲ့၏။

"ဘယ်လိုမှ ဝေးလို့ မဖြစ်နိုင်ဘူး ××× ရင်ခုန်သံတွေ မေးစက်နားခွင့်ပေး ××× ရင်ခုန်သံ မေးစက်နားခွင့်ပေး ××× မေးစက်နားခွင့်ပေး"

သီချင်းလေးအဆုံးမှာ ပန်းလေညှင်း ဦးလေးညွတ် နှုတ်ဆက်သည် ။ အားလုံးက တဒင်္ဂတော့ မင်သက်နေမိကြသည် ။

ပြီးမှ လက်ခုပ်သံတွေ ဆူညံသွားခဲ့၏။ အားပေး လက်ခုပ်သံတွေထဲမှာ သူ ကိုယ်တိုင်လည်း ပါသွားခဲ့သည် ။

"ဟော့ကောင် ကိုဘုဏ်း"

အသံနှင့်အတူ ပခုံးကို လှမ်းပုတ်လာသော အောင်ငြိမ်း က သူ့စားပွဲဝိုင်းမှာ ဝင်ထိုင်သည် ။

တစ်ချိန်တည်းမှာ ပဲ အောင်ငြိမ်း မျက်ဝန်းတွေက အရာမယွင်း ရှိနေဆဲ စားပွဲပေါ်က ဘီယာ ပုလင်းနှင့် အမြည်းတွေကို ကြည့်ရင်း

"ဟ အရာတောင် မယွင်းသေးပါလား ကိုဘုဏ်းရ၊ မင်းရောက်တာ ကြာပါပြီ ငါ မြင်လိုက် တယ်"

"အေး ဟိုတစ်ပတ်က နိုက်ဂျူတီတွေ ကျနေလို့ မင်း ဆိုင်မရောက်

တာပါ"

အောင်ငြိမ်းကို ဖြေရင်း စားပွဲပေါ်က ဘီယာပုလင်းကို ဆွဲယူ ဖန်ခွက်ထဲ ငှဲ့ထည့်သည် ။

ဆူဝေတတ်လာသော အမြှုပ်တွေကို အောင်ငြိမ်း ငေးကြည့်နေတုန်းမှာ သူ စီးကရက်ဘူးထဲ က တစ်လိပ်ထုတ်ကာ မီးညှိဖွာရှိုက်သည် ။

"အင်း မင်းလုပ်နေတဲ့ အလုပ်တွေက ဆရာဝန်တစ်ယောက်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ တကယ့် ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ် ကိုဘုဏ်း"

မကြာခဏ ပြောတတ်သော အောင်ငြိမ်း စကားကို သူ အပြုံးယဲ့ယဲ့နှင့် ခံယူရင်း ဘီယာခွက် ကို တစ်ငုံမျှ မော့သောက်ပစ်လိုက်သည် ။

"မင်း ခံစားချက်ကို ငါသိပါတယ်၊ ဒါပေမဲ့ ကိုယ် ရှင်သန်နေတဲ့ ဘဝနဲ့ သဟဇာတ ဖြစ်ဖို့ လိုတယ် ကိုဘုဏ်း"

"ငါ့ရင်ထဲက ခါးသီးမှုတွေအတွက် ဟောဒီ အခါးရည်တွေနဲ့ ပဲ တုံ့ပြန်စေတာ မဖြစ်သင့်ဘူး လား အောင်ငြိမ်း"

အမြည်းတစ်ဖတ်ကို တူနှင့်ညှပ်ယူ စားရင်း သူ ပြောတော့ အောင်ငြိမ်း ပင့်သက်ရှိုက်သည် ။

"ဟာ မင်း ပင့်သက်ရှိုက်သံကြီးကလည်း ရင်မောစရာ ကောင်းလိုက်တာ၊ ဘာလဲ ငါ့အတွက် ခံစားနေတာလား အောင်ငြိမ်း။ ဘာမှ မစဉ်းစားပါနဲ့ ကွာ၊ ငါ့ဘဝနဲ့ ငါပါ၊အမှန်ဝန်ခံရရင် ဒီဘဝမှာ နေတတ်အောင် ငါနေကြည့်တာပါ"

အောင်ငြိမ်းက သူ့အကြောင်းတွေကို အားလုံး သိရှိထားသူ ပီပီလေးနက်စွာ ခေါင်းညိတ်ရင်း

"ဘာပဲဖြစ်ဖြစ် မင်းတစ်ခုခုတော့ ပြတ်သားသင့်တယ် ထင်တယ်။ ကိုယ်မလိုချင်တဲ့ ဘဝ ကြီးဆိုရင်လည်း ပြတ်သားစွာ ဥပေက္ခာ ပြုပစ်လိုက်ပေါ့ကွာ"

ဆုံတိုင်း ဆုံးမအကြံပေးတတ်သည့် အောင်ငြိမ်း စကားတွေက အပ်ကြောင်းထပ် ဓာတ်ပြား တစ်ချပ်ဖြစ်နေသည် ။ ဒါပေမဲ့ အောင်ငြိမ်း စေတနာကို သူ နားလည်ပါသည် ။

"ကျေးဇူးတရားတွေကို သိတတ် ကိုးကွယ်တတ်တဲ့ ငါ့အတွက်တော့ မင်း အကြံပေးချက်က ခက်ခဲနေတယ် အောင်ငြိမ်း၊ ကဲပါကွာ အဲဒီကိစ္စ ထားပါဦး၊ ငါ မေးချင်လို့ "

"ဘာလဲ ကိုဘုဏ်း"

"စောစောက ဖျော်ဖြေသွားတဲ့ ကောင်မလေးက ဘယ်သူလဲ၊ မင်းဆိုင်ကို ရောက်လာတဲ့ အဆိုရှင် အသစ်လေးလား"

"ပန်းလေညှင်းကို ပြောတာလား"

"အေး"

အောင်ငြိမ်း သူ့ကို အထူးအဆန်း မျက်ဝန်းတွေနှင့် ကြည့်သည် ။ သူ စီးကရက်တိုကို ခွက်ထဲ ထိုးခြေထည့်လိုက်ရင်း

"ကောင်မလေးက အသံကော အက်ရှင်ပါ ဆွဲဆောင်မှုရှိတယ်၊ ဘာလဲ ငါ ဂျူတီဝင်နေတဲ့ ရက်တွေမှာ မင်း ခန့်လိုက်တာလား"

"အေး ဟုတ်တယ်"

အောင်ငြိမ်း အသံက ဒါပဲဖြစ်သည် ။ ဒါပေမဲ့ သူ ထပ်သိချင်သေးတာတွေ ရှိသေးသည် ။ မွန်းကြပ်စရာ ကိုယ့်အကြောင်းတွေ ပြောနေရတာ

ထက် ဒီကောင်မလေး အကြောင်းက စိတ်ဝင်စား စရာ ကောင်းမည် ထင်ပါသည် ။

"ကြည့်ရတာ အရင်က ဆိုဖူးတယ် ထင်တယ်၊ အသံကော မှဒ်ပါကောင်းတယ်၊ အတွေ့အကြုံ ရှိမယ် ထင်တယ်"

အောင်ငြိမ်း သူ့ကို မျက်မှောင်ကြီး ကုပ်ကြည့်သည် ။ ပြီးမှ

"ပြီးခဲ့တဲ့ အပတ်ကလည်း သူ ဖျော်ဖြေပေးနေတာကွ၊ ဒါပေမဲ့ သူ့အကြောင်း ငါ ဘာမှ အသေ အချာ မသိသေးဘူး။ သူ့ကို ခေါ်လာပေးတဲ့ မန်နေဂျာကို မေးရဦးမယ်"

အောင်ငြိမ်း ပြောနေတုန်းမှာ စားပွဲထိုး ချာတိတ်လေးက အနားရောက် လာပြီး

"ဘော့စ်ကို တွေ့ချင်တဲ့ ဧည့်သည် တစ်ယောက် ရောက်နေတယ် ခင်ဗျ"

"ဩော် အေး ညီလေး ခုပဲ လာခဲ့မယ်၊ ကဲ ကိုဘုဏ်း နောက်မှ ဆုံကြတာပေါ့ကွာ"

သူ နားလည်စွာ ခေါင်းညိတ်လိုက်ပါသည် ။

စီးပွားရေးဘွဲ့တစ်ခု ပိုင်ဆိုင်ထားသော အောင်ငြိမ်းသည် ကိုယ်ပိုင်စားသောက်ဆိုင် လုပ်ငန်း တစ်ခုကို အောင်မြင်အောင် တည်ထောင်ထားနိုင်တာတော့ လေးစားချီးကျူးလောက်သည် ။

ထိုညက ပန်းလေညင်းရဲ့ သီချင်းသံတွေကို ဒုတိယမြောက် အလှည့်မှာ သူ ထပ်ပြီး နားထောင်ခဲ့ရပြန်သည် ။

ဒီတစ်ခါတော့ ပန်းနုရောင် ဝတ်စုံလေးနှင့်သူမအသွင်က လှပချော

မောနေပြန်သည် ။

စားပွဲဝိုင်းမှာ တစ်ယောက်တည်း ထိုင်ငေးနေမိသော သူ့ကို သည်ကောင်မလေး သတိထားမိ သွားသည် ထင်ရဲ့ ။ စင်ပေါ်က နှုတ်ဆက် မဆင်းခင် ငေးရီရီလေး ကြည့်သွားခဲ့သည် ။

သေချာတာက ညို့မျက်ဝန်းတော့ မဟုတ်။

အကဲခတ် စူးစမ်းကြည့်သွားခဲ့သော မျက်ဝန်းလေးတွေမှာ ဖြူစင်သော အရိပ်တွေ ဖြာလွဲနေ တာ သူ မြင်လိုက်ရ၏။

ဩော် ပန်းလေညင်း တဲ့ လား။

***

# အခန်း (၂)

သေသပ်ကျယ်ဝန်းသော ခြံဝင်းနှင့် နန်းဆောင်တမျှ ခမ်းနားသော တိုက်ကြီးရဲ့ ရှေ့ရောက် တော့ သူ့ရဲ့ စိတ်တွေက သေးငယ်ကျုံ့ဝင်သွားသလို ဖြစ်မိသည် ။

အရှိန်အဝါ ကြီးမားမှု ထည်ဝါမှုတွေက သူနဲ့ ပတ်သက်ပေမဲ့ မသက်ဆိုင်သလို ခံစားရစမြဲပင်။

"တီ တီ"

ပျာပျာသလဲ ခြံဝင်းတံခါးကို ဖွင့်ရင်း ရိုသေမှု ပေးနေသော မောင်ကြိုင်ကို ကြည့်ရင်း နှုတ်ခမ်းအစုံက တွန့်ရုံမျှ ဖြစ်သွားသည် ။ ကြွယ်ဝမှု အရှိန်အဝါတွေက လူတစ်ယောက်ကို ဦးညွတ်စေ တတ်သလား။

"အစ်ကိုဘုဏ်း ဒီနေ့ မမရတီက အိမ်ပြန်နောက်ကျမယ်လို့ ဖုန်းလှမ်းဆက်ထားတယ်"

ဘယ်အချိန်တုန်းက စောဖူးလို့ လဲလို့ အိမ်အကူ အေးအေးကို ပြန်မေးချင်စိတ် မရှိ။ ညဥ့် ဆယ့်တစ်နာရီကို ညွှန်ပြနေသော တိုင်ကပ်နာရီကို မော့ကြည့်ကာ အပေါ်ထပ် လှမ်းတက်ခဲ့သည် ။

"အစ်ကိုဘုဏ်း ဟို ထမင်းမစားတော့ဘူးလား။ အေးအေး ထမင်းပွဲပြင်လိုက်မယ်လေ"

"နေပါစေ ငါ မစားတော့ဘူး အေးအေး နင်လည်း အိပ်ချင်ရင် အိမ်တံခါးစေ့ပြီး အိပ်ချင် အိပ်တော့၊ ခြံတံခါးကို မောင်ကြိုင် စောင့်ဖွင့်ပေးလိမ့်မယ်"

"ဟုတ်ကဲ့"

လို့ အေးအေး ပြောပေမဲ့ နန်းထိုက်ရတီ ပြန်မလာသေးဘဲနှင့် အိပ်ရာဝင်ရဲခြင်း မရှိတာ သူ သိထားသည် ။ ဒီတစ်အိမ်လုံးမှာ နန်းထိုက်ရတီဆိုသော မိန်းမကို ဆန့်ကျင်ရဲတဲ့ သူ ဘယ်သူမှ မရှိဘဲ လေ။

သူကသာ ...။

ခပ်စူးစူး လင်းထိန်နေသော အခန်းမီးခလုတ်တွေ အားလုံးကို လျှောက်ပိတ်ပစ်လိုက်သည် ။ မှိန်ဖျော့သော အပြာရောင် ညအိမ်မီးအလင်းအောက်တွင် ရှိစေကာ သူ မပိုင်ဆိုင်သည့် အိစက်ညက် ညောသော မွေ့ရာကြီးပေါ် ပစ်လှဲချလိုက်သည် ။

"လောကကြီးမှာ ချမ်းသာကြွယ်ဝမှုကို မမက်မောတဲ့ သူ ဘယ်သူ ရှိမလဲ သား။ ပိုင်ဆိုင်မှုတွေ များ လွန်းတဲ့ နန်းထိုက်ရတီ ကို သားလက်ထပ်ကို ထပ်ရမယ်။ သူတို့ အိမ်က ကားဒရိုင်ဘာ တစ်ယောက်ရဲ့ သားကို ပညာတွေ သင်ပေးပြီး ကြည့်ရှုစောင့်ရှောက်ခဲ့တာ ပြန်ရနိုင်မယ့် သားဆီက ဆရာဝန် ဂုဏ်ပုဒ်ကို လိုချင်လို့ ပဲ။ အပြန်အလှန်ပေါ့ သားရယ်၊ ကိုယ်က ပေးရမှာ တစ်ခုတည်းနဲ့ သားပြန်ရမှာ အများကြီးဆိုတော့ တန်ပါတယ် သား"

ဒါက သူ့ဘဝကို ပြည့်စုံချမ်းသာစေချင်သော ဖေဖေရဲ့ နောက်ဆုံး စကားတွေ။ သူ မမက်မော မတွယ်တာသော အရာတွေနှင့် ထိတွေ့ဆက်ဆံစေချင်သည့် ဖေဖေ့ရဲ့ နောက်ဆုံး အမိန့်တွေ။

မလိုချင်တဲ့ အရာတွေ ပိုင်ဆိုင်ရပြီး သူလိုချင်ခဲ့သော အရာတွေ ပျောက်ဆုံးနေခဲ့သော ဘယ်သူ နားလည်ခဲ့ပါသလဲ။

ဒီမေးခွန်းတွေနဲ့ သူ မနှစ်မြို့သော ညပေါင်းများ စွာ ကျော်ဖြတ်ရင်းဆို့နင့်ကွဲကြေခဲ့တာကို ဘယ်သူကပြီး ခံစားပေးခဲ့လို့ လဲ။

"ဟင်း"

ခြောက်ကပ်ကပ် သက်ပြင်းချသံက တိုးတိတ်နေသော အိမ်ခန်းလေးထဲ ညင်းတွဲစွာ ပေါ်ထွက် နေခဲ့ပြီကော ...။

***

# အခန်း (၃)

"ဟော ကိုဘုဏ်း နိုး လာပြီလား။ အေးအေးရေ နင့် အစ်ကိုအတွက် ဘရိတ်ဖတ် (စ်) ပြင်ပေးလိုက်ပါဦး"

ထမင်းစားခန်းကို ဝင်မယ့် ခြေလှမ်းတွေက တုံ့ခန ဖြစ်သွားသည် ။ အေးအေးက သူ့အတွက် ကပျာကယာ ပြင်ဆင်ပေးပြီး ထိုင်ခုံပါ ဆွဲထုတ်နေသည် မို့ မျက်နှာညိုညိုနှင့် ဝင်ထိုင်လိုက်သည် ။

နန်းထိုက်ရတီက ကော်ဖီကို တစ်ငုံခြင်း၊ မော့သောက်နေရင်းက

"ရတီ အစောကြီး နိုးနေလို့ ကိုဘုဏ်း အံ့ဩနေတယ် ထင်တယ်၊ စက်ပူကို ကုမ္ပဏီကိစ္စနဲ့ အရေးတကြီး သွားစရာ ရှိလို့ ဘုဏ်းရဲ့ "

အသိပေး ပြောဆိုနေခြင်းအပေါ်သူ မအံ့ဩပါ။ တားဆီးပိတ်ပင်ပိုင်ခြင်းလည်း မရှိ။

ကုမ္ပဏီကို အကြောင်းပြပြီး နိုင်ငံတကာကို လူတကာနဲ့ သွားလာနေတာ သူ မသိဘဲ နေပ့ါ မလား။ ဂရုစိုက်ခံချင်လို့ ရှင်းပြနေတာလို့ လည်း မထင်မိ။

အေးဆေးစွာပဲ ပေါင်မုန့်မီးကင်ကို ခက်ရင်းလေးနဲ့ ထိုးစိုက်စားနေလိုက်သည် ။ တည်ငြိမ်သော သူ့အပြုအမူကို

"ဘုဏ်းအတွက် ဘာလက်ဆောင် ဝယ်ခဲ့ရမလဲ ပြောလေ ဘုဏ်း။

ဘုဏ်း လိုချင်တာ မှာ လိုက်လေ"

ဆွဲဆောင် ရည်ရွယ်သော စကားကို သူမ ဆိုသည် ။

သူကလေးမှ မဟုတ်တာ။ပကာသန အဆောင်အယောင်တွေကို မက်မောတွယ်တာသူ တစ်ယောက်လည်း မဟုတ်။

"မင်း ဘယ်သွားသွား ငါဘာမှားဖူးလို့ လဲ၊ အပိုအကြောင်းအရာတွေ လာမပြောနဲ့ ရတီ"

လက်ထဲက ခက်ရင်းကို အသံကျယ်အောင် ပန်းကန်ပေါ်လွှတ်ချခဲ့ပြီး သူထွက်လာခဲ့သည် ။

ပခုံးတွန့်ရင်း နှုတ်ခမ်းလေးမဲ့ကာ ကျန်ရစ်ခဲ့မည့်နန်းထိုင်ရတီကို သူလှည့်မကြည့်ဖြစ်အောင် ကြိုးစားခဲ့၏။

လင်ယောကျ်ား အိမ်ထောင်ဦးစီးဆိုသော ဝိသေသ ဂုဏ်ပုဒ်ကို မြောင်းထဲ လွှင့်ပစ်ချင်စိတ် ပေါက်လောက်အောင် နာကျင်နေမိသည် ။

မိန်းမတစ်ယောက်ရဲ့ လေးစားကြည်ညိုမှုနဲ့ မထိုက်တန်သော သူ့ဘဝကိုလည်း ငြီးငွေ့ စက်ဆုပ်မိသည် ။

ဘယ်အချိန်ထိ မျိုသိပ်ရဦးမှာ လဲ ရတီ။

ငါးနှစ်ကျော် ကာလအတွင်း ချုပ်တီးချိုးနှိမ်ထားခဲ့ရတဲ့ င့ါမာနတွေကို တစ်ခါတလေ မင်းရှေ့ မှာ မြွေဟောက်တစ်ကောင်လို ခေါင်းထောင်ပြလိုက်ချင်တယ်။

အဲဒီအချိန်ကျရင် ရွှေလှောင်အိမ်ထဲက အလှမွေး ငှက်တစ်ကောင်လို မင်းကြည့်နေနိုင်မလား ဆိုတာ ငါသိချင်လိုက်တာ။

အေးစက် တင်းမာတဲ့ အိမ်ထောင်ရေးကို ငါ ဂရုမစိုက်ပေမဲ့ လင်

ယောက်ျားအပေါ် အလေး အနက်မထား လျစ်လျူပြုမှုကို ခံပြင်းစိတ်နဲ့ နာကျင်မိတယ် ရတီ။

အချိန်အတိုင်းတာ ဘယ်လောက်ထိ ငါ့စိတ်ဆန္ဒတွေကို မင်း လှောင်ပိတ်ထားနိုင်မလဲဆိုတာ ငါ သိချင်တယ် မိရတီ။

ထွက်ပေါက်ဆိုတာ ချောင်ပိတ်မိနေသူ တစ်ယောက်အတွက် ရှင်သန်အားကိုးရာ ဆိုတာ ...။

***